## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။
(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

### ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ် ချီးမြှင့်ငွေပေးရေး ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်နယ်ဦးစီး အဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များအား လစဉ် ချီးမြှင့်ငွေပေးရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပသည့်နေ့တွင် အာဏာတည်ရမည်။

၂။ ။ပြည်နယ်ဦးစီး အဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပြည်သူ့ဘဏ္ဍာမှ လစဉ်ချီးမြှင့်ငွေ ငါးရာကျပ်စီ ရရှိကြရမည်။

(၁) ဦးထွန်းအေး၊
(၂) ဦးကျော်ဇော၊
(၃) ဦးဒိန်ရတန်၊
(၄) ဦးလဝမ်၊
(၅) ဦးထွန်းဦးလျံ၊
(၆) ဦးဝမ်သူယာရှင်၊
(၇) ဦးပုတ်ပါး၊
(၈) ဒေါက်တာ စောလှထွန်း၊
(၉) ဦးစောဘိုးအောင်၊
(၁၀) ဖဒိုဘထွန်း၊
(၁၁) ဦးအေးမြလေး၊
(၁၂) ဦးသိုင်းသန်းတင်၊
(၁၃) ဦးဘူးရယ်။

၃။ ။ပုဒ်မ ၂ တွင်ဖော်ပြသော ပုဂ္ဂိုလ်များသည် အသက်ထင်ရှားရှိသည့် ကာလပတ်လုံး ဖော်ပြပါ လစဉ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၄။ ။ပုဒ်မ ၂ တွင် ဖော်ပြသော ပုဂ္ဂိုလ်များသည် ပြည်သူ့ ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရ၍ နိုင်ငံတော်၏ တာဝန်တရပ်ရပ်ကို ထမ်းဆောင်ရသဖြင့် နိုင်ငံတော်က ပေးအပ်သော လစာများကို ရယူလျှင် ယင်းသို့ရယူသည့် ကာလအတွင်း ဖော်ပြပါ လစဉ်ချီးမြှင့်ငွေကို ယာယီ ရပ်ဆိုင်းထားရမည်။

၅။ ။ပုဒ်မ ၂ တွင်ဖော်ပြသော ပုဂ္ဂိုလ်များသည် အစိုးရ ဝန်ထမ်းတဦးအဖြစ် အမှုထမ်းရွက်ခဲ့၍ အငြိမ်းစား လစာများကိုရရှိလျှင် ယင်းအငြိမ်းစား လစာများနှင့်တကွ ဤဥပဒေတွင်ပြဋ္ဌာန်းသည့် လစဉ် ချီးမြှင့်ငွေကို ပူးတွဲခံစားခွင့်ရှိသည်။

၆။ ။ပုဒ်မ ၂ တွင် ဖော်ပြသော ပုဂ္ဂိုလ်တဦးဦးသည် နိုင်ငံတော်အား သစ္စာဖောက်မှုဖြင့် အရေးယူ အပြစ်ပေးခံရလျှင် ဖော်ပြပါ လစဉ်ချီးမြှင့်ငွေကို ခံစားခွင့် မရှိစေရ။

၇။ ။ပုဒ်မ ၂ တွင် ဖော်ပြသော လစဉ် ချီးမြှင့်ငွေများ အပေါ်တွင် အမြတ်ခွန် စည်းကြပ်ကောက်ခံခြင်း မပြုရ။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်။
(၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။